BURMESE

METRO
NASHVILLE
PUBLIC
SCHOOLS

# OPTIONAL SCHOOLS

## 2024-2025 APPLICATION
## ၂၀၂၄-၂၀၂၅ လျှောက်လွှာ

ဖေဖော်ဝါရီ ၉ ရက်
နောက်ဆုံး လျှောက်ပါ



# Finding the right school သင့်လျော်သည့်ကျောင်းကို ရှာဖွေခြင်း

အထက်တန်းအောင်လက်မှတ်ရခါနီးသော ကျွန်ုပ်တို့၏အငယ်ဆုံး ကျောင်းသားများအတွက် Metro Nashville Public Schools တွင် အတွေ့အကြုံများစွာ ရှိပါသည်။ နေ့စဉ် ကျောင်းသားတိုင်းထံသို့ အလွန်ကောင်းမွန်သည့်ပညာရေးကို ပေးအပ်ရန် ဆိုသည့် ရိုးရှင်းသောမစ်ရှင်တစ်ခုဖြင့် ကျွန်ုပ်တို့အား တိုက်တွန်းနှိုးဆော်နေပါသည်။

Metro Nashville Public Schools မှ ဝန်ထမ်းများနှင့်ဌာနဆိုင်ရာဝန်ထမ်းများမှ သင်တို့အား MNPS သို့ ကြိုဆိုပါ၏။ ကျွန်ုပ်တို့၏ကျောင်းခရိုင်တွင် သင့်မိသားစု၏ လိုအပ်ချက်များကိုဖြည့်ဆည်းပေးရန်အတွက် အစီအစဉ်အမျိုးမျိုးနှင့် အခွင့်အရေးများပါရှိသောကျောင်း ၁၆၀ ကို စီစဉ်ပေးထားပါသည်။ ပိုပြီးအရေးကြီးသည်မှာ ကျွန်ုပ်တို့သည် ကျောင်းသားတိုင်း တိုးတက်အောင်မြင်စေရန်အတွက် လိုအပ်သော သင်ကြားပို့ချမှု၊ဝန်ဆောင်မှုများနှင့်ဆက်ဆံရေးများပြုလုပ်ပေးနိုင်ရန်အတွက် အာရုံစိုက်ပါသည်။ ကျွန်ုပ်တို့၏ရည်မှန်းချက်မှာ ကျောင်းများ၌ ကျောင်းသားတိုင်း သူတို့၏ဆရာ/မများ၊ကျောင်းအုပ်များနှင့်တွေ့ကြုံမှုများဖြင့် ကျောင်းကွန်မြူနတီဖြင့်သက်ဆိုင်မှုရှိသည်ဆိုသောခံစားချက်ကို သေချာသိရှိနားလည်စေရန် ဖြစ်ပါသည်။

နှစ်စဉ် Optional Schools Application/စိတ်ကြိုက်ကျောင်း လျှောက်လွှာမှ သူတို့၏ဇုံကျောင်းအပြင် optional schools လျှောက်ရန် မိသားစုများကို ခွင့်ပြုထားပါသည်။ သင်တို့၏ဇုံကျောင်း သို့မဟုတ် ရွေးချယ်ထားသောကျောင်း၏ အကြောင်းကို ယနေ့ ပိုပြီးသိချင်ပါက — MNPS အား သင်တို့ကိုပြသရန် ကျွန်ုပ်တို့ မစောင့်ဆိုင်းနိုင်တော့ပါဘူး။

## သင့်ကလေးအတွက် သင့်လျော်သည့်ကျောင်းကို ရှာတွေ့စေရန် အထောက်အကူဖြစ်စေသည့်အဆင့် ၃ ဆင့်

### 1. သင်တို့၏ရွေးချယ်မှုများကို စူးစမ်းရှာဖွေပါ

သင်တို့၏ရွေးချယ်ထားသောကျောင်းများကို ***စူးစမ်းရှာဖွေနိုင်ရန်အတွက် www.mnps.org/school-options*** သို့ သွားပါ။ Zone Finder ကို အသုံးပြုပြီး သင်တို့၏ဇုံကျောင်းကို ရှာဖွေရန်နှင့် ကျွန်ုပ်တို့၏ကျောင်းဝက်ဘ်ဆိုက်သို့ သွားရောက်လေ့လာခြင်းနှင့် 615-259-INFO(4636) ဖြင့် Family Information Center သို့ ဖုန်းခေါ်ခြင်းဖြင့် ကျောင်းများ၏ ကမ်းလှမ်းမှုအကြောင်းကို ပိုပြီးသိရှိနိုင်ပါသည်။

### 2. ကျောင်းများသို့ အလည်အပတ်သွားခြင်း

ကျောင်းများသည် tours အလည်အပတ် ခရီးစဉ်များနှင့် အွန်လိုင်း သတင်းအချက်အလက် ဆက်ရှင်များကဲ့သို့သော လူကိုယ်တိုင် သို့မဟုတ် အွန်လိုင်း အစီအစဉ်များကို လက်ခံပြုလုပ်နိုင်ပါသည်။ သင်တို့ စိတ်ဝင်စားသော ကျောင်းများ၏ websites သို့မဟုတ် လူမှုမီဒီယာလိုင်းများကို ကျောင်းများ မှ မည်သို့ပြသသွားရန်စီစဉ်ထားသည်နှင့်ဝန်ထမ်းများဖြင့် ဆက်သွယ်ရန် မိသားစုများအား မည်သို့ခွင့်ပြုထားသည်တို့ကို စစ်ဆေးပါ။

### 3. ဖေဖော်ဝါရီလ ၉ ရက် နောက်ဆုံးထား၍ လျှောက်ပါ

Optional school ကို လျှောက်ချင်ပါက ww.mnps.org/school-options တွင် လျှောက်ပါ သို့မဟုတ် ဤစာစောင်၏အနောက်ဖက်မှ လျှောက်လွှာကို အသုံးပြုပါ။ မတ်လ၌ random selection process /ကျပန်းရွေးချယ်ခြင်းသည် ကျောင်းအပ်နှံခြင်းနှင့်စောင့်ဆိုင်းစာရင်းများကို သတ်မှတ်သွားမည်။ အကယ်၍ ကျောင်း၌ လူပြည့်သွားခြင်း သို့မဟုတ် ကျောင်းများမှ နေရာလွတ်များအတွက် လက်ခံသွားမည်ဆိုလျှင် စောင့်ဆိုင်းစာရင်း၌ နောက်ကျပြီးလျှောက်လွှာတင်သူများကို ထပ်ပေါင်းသွားမည်။ MNPS ကျောင်းသားသစ်များသည် နေရာလွတ်ရှိသည့် optional schools များ၌ တစ်နှစ်ပတ်လုံးလျှောက်နိုင်ပါသည်။ Charter ကျောင်းလျှောက်ချင်သောမိသားစုများသည် တစ်နှစ်လုံးလျှောက်နိုင်ပါသည်။

**ပိုပြီးလေ့လာနိုင်သည်**

***mnps.org/school-options*** တွင် optional

**သင်တို့၏ဇုံကျောင်းကို ရှာဖွေပါ**

***mnps.org/register-for-school*** တွင် Zone Finder ကို အသုံးပြုပြီး ရှာဖွေပါ
သို့မဟုတ် Family Information Center သို့ 615-259-4636 ဖြင့် ဖုန်းခေါ်ပါ။

ဤစာအုပ်ထဲတွင်ပါရှိသည့် အကြောင်းအရာများကို ***mnps.org/school-options*** ၌ တွေ့ရှိနိုင်ပါသည်။

# Optional Schools Process

## မလျှောက်ခင်

### လျှောက်ရန်အတွက် လိုအပ်သည့်အရာများမှာ

» မိဘ/အုပ်ထိန်းသူသည် သူတို့ကလေးအတွက် Optional Schools Application ကို မအပ်နှံခင် ၊ သူတို့သည် Davidson County ၌ တရားဝင်နေထိုင်သူ ဖြစ်ရမည်။

» MNPS မှ ထုတ်ပေးသော ကျောင်းအိုင်ဒီ (ID) နံပါတ်လိုအပ်ပါသည်။ ***www.mnps.org/register-for-school*** အွန်လိုင်း၌ ကျောင်းသား အိုင်ဒီနံပါတ်ကို လျှောက်နိုင်ပါသည်။ ကျောင်းခရိုင်၏ကျောင်းအပ်ဌာန ၈ ခု ၌ ကျောင်းသား (ID) နံပါတ်ကို ရရှိနိုင်ပါသည်။

» လျှောက်ရန်အတွက် မိဘ/အုပ်ထိန်းသူ၌ အသုံးပြုနိုင်သည့် အီးမေးလ် လိပ်စာ သို့မဟုတ် ဖုန်းနံပါတ် ရှိရမည်။

## သင်တို့၏ရွေးချယ်မှုများကို စူးစမ်းရှာဖွေပါ

ကျောင်းရွေးချယ်မှုများကို အပြည့်အဝ နိုင်းယှဉ်ရန်နှင့် optional schools လျှောက်လွှာပေါ်၌ အသိပေးထားသည့်ရွေးချယ်မှုများကို ပြုလုပ်ရန် အတွက် မိသားစုများ၏ဇုံကျောင်းအပါအဝင် သူတို့စိတ်ဝင်စားသည့်ကျောင်း များသို့ လည်ပတ်လေ့လာကြည့်ရန် အပြင်းအထန် တိုက်တွန်းလိုပါသည်။ ကျောင်းဝဘ်ဆိုဒ်နှင့်ဆိုရှယ်မီဒီယာစာမျက်နှာများ၌ သွားကြည့်ပါ သို့မဟုတ် အွန်လိုင်း အစီအစဉ်များအကြောင်းလေ့လာရန် ကျောင်းရုံးခန်းသို့ ဖုန်းခေါ်ပါ —ကျောင်း၏အခြေအနေပုံစံနှင့်ပညာရေး ကမ်းလှမ်းမှုများက သင့်ကလေး ၏လိုအပ်ချက်များဖြင့်ကိုက်ညီမှာဖြစ်ကြောင်း သေချာစေရန်အတွက် အရေးကြီးသောခြေလှမ်း ဖြစ်ပါသည်။

ဤစာစောင်ထဲမှ စာမျက်နှာ ၁၃ နှင့် ၁၄ ရှိ လျှောက်လွှာပေါ်တွင် လျှောက်နိုင် သောနေရာလွတ်များပါရှိသည့် optional schools ကို တွေ့ရှိနိုင်ပါသည်။

## အကြိုအပို့

ကေ့စ်အများစု၌ ဇုံကျောင်းမဟုတ်သော optional schools မှ ကျောင်းသားများအတွက် အကြိုအပို့ မပြုလုပ်ပေးပါ။အသေးစိတ်အတွက် စာမျက်နှာနံပါတ် ၅ ရှိ မကြာခဏမေးတတ်သောမေးခွန်းများကို ကြည့်ပါ (သို့) ကြိုပို့ရနိုင်မရနိုင်သိရှိရန် ကျောင်းအလိုက် ဆက်သွယ်စုံစမ်းပါ။

StrIDe ပရိုဂရမ်အားဖြင့် အထက်တန်းကျောင်းသားများအတွက် ကုန်ကျရန် မလိုအပ်သည့် WeGo Public Transit ဖြင့် အများပြည်သူသုံး သွားလာရေး အတွက် မြို့တွင်းစီးဘတ်စ်လက်မှတ်များကဲ့သို့ ကျောင်းသား ID ကတ်ပြား များကို နှစ်ဆထုတ်ပေးထားပါ၏။ Charter အလယ်တန်းကျောင်းများ အတွက် ခြွင်းချက်အဖြစ် optional school မှအလယ်တန်းကျောင်းသား များအတွက်လည်း ၎င်းပရိုဂရမ်ကို ရရှိနိုင်ပါသည်။ StrIDe ဘတ်စ်စီးခွင့် လက်မှတ်ကိုရရှိနိုင်ရန် အလယ်တန်းကျောင်းသားများသည် မိဘများ၏ ခွင့်ပြုချက် လိုအပ်ပါသည်။ ***www.mnps.org/transportation*** တွင် ပိုပြီး လေ့လာနိုင်ပါသည်။

## ကျောင်းတက်ခြင်း

သင့်ကျောင်းသားက ခရိုင်၏ကျောင်းတက်ရောက်မှု ပေါ်လစီမူဝါဒကို လိုက်နာသွားမှာဖြစ်ကြောင်း နားလည်သဘောပေါက်ခြင်းဖြင့် ဇုန်ပြင်ပ ကျောင်းတွင် ဆက်လက်စာရင်းသွင်းရန် ခွင့်ပြုချက်ပေးထားပါသည်။ ကျောင်းတက်ရောက်မှု ပေါ်လစီကိုလိုက်နာရန် ပျက်ကွက်ခဲ့ပါက ဇုန်ပြင်ပ ကျောင်းတွင် နေရာသတ်မှတ်ပေးထားခြင်းကို ရုတ်သိမ်းနိုင်ပါသည်။

## စပါယ်ရှယ် ကျောင်းအပ်နှံမှုအတွက် လိုအပ်ချက်များ

အောက်ပါကျောင်းများ၌ ဝင်ခွင့်လိုအပ်ချက်များ ရှိပါသည် - Hume-Fogg High School, Martin Luther King Jr. School, Meigs Middle School နှင့် Early College High School. အဆိုပါကျောင်းများ အတွက် ပညာရေးပိုင်းလိုအပ်ချက်များ၏ နောက်ထပ် အသေးစိတ်ကို စာမျက်နှာ ၉ နှင့် ၁၀ တွင် ကြည့်ပါ။

ကျောင်းသားများသည် ဖော်ပြပါကျောင်းများဖြစ်သည့် Isaiah T. Creswell Middle School of the Arts, Nashville School of the Arts နှင့် Nashville Big Picture High School ၌ auditions/အစမ်းပြုလုပ်ပြခြင်း သို့မဟုတ် interviews ပြုလုပ်ရန် ကျောင်းများမှ ဆက်သွယ်လာပါမည်။

MNPS Virtual ၌လည်း ဝင်ခွင့်သတ်မှတ်ချက်များ ရှိပါသည်။ နောက်ထပ် အချက်အလက်အကြောင်းအရာများအတွက် ကျောင်းသို့ ဆက်သွယ်ပါ။

## လျှောက်လွှာဖြည့်ခြင်း

» လျှောက်လွှာပေါ်၌ ကျောင်း ၇ ကျောင်းအထိ လျှောက်နိုင်ပါသည်။

» ကျောင်းရွေးချယ်မှုများကို ၁ (အမြင့်ဆုံးဦးစားပေးမှု) မှ ၇ (အနိမ့်ဆုံး ဦးစားပေးမှု) အထိ သတ်မှတ်ရမည် -
အင်တာဗျူး (သို့) audition လိုသည့်ကျောင်းများနှင့် pathway schools တို့ ပါဝင်သည်။

- လျှောက်လွှာများကို ကွန်ပြူတာစနစ်ဖြင့် ကျပန်းရွေးချယ်သည်။
- ကျပန်းစနစ်ကိုပြုလုပ်နေစဉ်အတွင်း သင်တို့လျှောက်လွှာပေါ်၌ ရေးဖြည့်ထားသောကျောင်းတစ်ကျောင်း၌တက်ရောက်ရန် သင်တို့ကလေးအား ရွေးချယ်ခဲ့ပါက အဆိုပါကျောင်းမှ နေရာကို လက်ခံရန် အခွင့်အရေးပေးခြင်းခံရပါလိမ့်မည်။ ၎င်းနေရာကို နောက်ဆုံးရက်အမီ လက်ခံရမည် သို့မဟုတ် ငြင်းပယ်ရမည်။
- တက်ရောက်ရန် သင်တို့ကလေးကို ရွေးထားသည့်ကျောင်းထက် သင်တို့၏ဦးစားပေးစာရင်းပေါ်မှ ပိုမြင့်သောကျောင်းများအတွက် သင်တို့ကလေးအား စောင့်ဆိုင်းစာရင်း၌ ထားပေးပါလိမ့်မည်။
- တက်ရောက်ရန် သင်တို့ကလေးကို ရွေးထားသည့်ကျောင်းထက် သင်တို့၏ဦးစားပေးမှု ပိုနည်းသောကျောင်းများ - pathway schools များအပါအဝင် - ၎င်းတို့မှ သင်တို့၏ကလေးကို "opted out/ဖယ်ရှားလိုက်မည်။"

- လျှောက်လွှာပေါ်၌ ကျောင်းအနည်းငယ်ကိုရွေးချယ်ထားခြင်း သို့မဟုတ် လျှောက်သည့်သူများပြားသောကျောင်းများကိုသာ ရေးဖြည့်ထားခဲ့သောမိသားစုများကို မည်သည့်ကျောင်းမှ ရွေးချယ်သွားမှာ မဟုတ်ပါဘူး။
- မိသားစုများသည် နောက်ဆုံးရက်အမှီ နေရာကို လက်မခံရန် ရွေးချယ်ခဲ့ပါက အဆိုပါနေရာအား waitlist ပေါ် ရှိ နံပါတ် အစဉ်လိုက်အတိုင်း မိသားစုများကို ပေးသွားပါမည်။
- မတ်လ ၂၂ ရက် ၊ ၂၀၂၄ မှစတင်ပြီး ၂၀၂၃-၂၀၂၄ စာသင်နှစ်၏ (၅ ရက်) ပဉ္စမမြောက် ကျောင်းတက်ရက်အထိ စောင့်ဆိုင်းစာရင်းမှ မိသားစုများကိုဆွဲထုတ်ယူပြီး နေရာလွတ်များကို စီစဉ်ပေးပါမည်။
- မိသားစုများအား SMS, email နှင့်/သို့မဟုတ် USPS စာတိုက်မှ သူတို့၏ရွေးချယ်ခံရမှုကို အသိပေးအကြောင်းသွားပါမည်။

## လျှောက်လွှာကို အပ်နှံခြင်း

» **မိသားစုများအား *www.mnps.org/apply အွန်လိုင်း၌ လျှောက်ရန် တိုက်တွန်းထားပါသည်။*** လျှောက်လွှာပေါ်မှ အပြောင်းအလဲအားလုံးကို အွန်လိုင်း၌သာ ပြုလုပ်ရမည်။ အင်တာနက် အသုံးပြုရန်လိုအပ်ပါက အနီးဆုံး Nashville ပြည်သူ့ စာကြည့်တိုက်သို့ သွားနိုင်ပါသည်။

» (ဤစာရွက်များ၏အနောက်ဖက်တွင်ရှိသော) စာရွက်လျှောက်လွှာများကို လက်ခံပြီး ၊ ၎င်းတို့အား Office of School Options သို့ ပေးပို့ရမည်။

- စာတိုက်မှ စာရွက်လျှောက်လွှာများကို ပေးပို့နိုင်ပါသည် -
  Office of School Options
  Metro Nashville Public Schools
  2601 Bransford Ave.
  Nashville, TN 37204

» ဖေဖော်ဝါရီ ၉ ရက် ၊ ၂၀၂၄ ၊ ညနေ ၄း၃၀ နာရီအမှီ စာရွက်လျှောက်လွှာများကို လက်ခံသွားပါမည်။ CST (Central Standard Time) အတိုင်း ကျပန်းရွေးချယ်မှုကို ပြုလုပ်သွားပါမည်။ အွန်လိုင်းလျှောက်လွှာများကို ဖေဖော်ဝါရီ ၉ ရက် ၊ ၂၀၂၄ ၊ CST ည ၁၁း၅၉ နာရီအထိ လက်ခံသွားပါမည်။ သတ်မှတ်ချိန်ထက်နောက်ကျ၍ လက်ခံရရှိသောလျှောက်လွှာများကို စောင့်ဆိုင်းစာရင်း၏အဆုံး၌ ပေါင်းထည့်သွားမည်။

» အွန်လိုင်းလျှောက်လွှာအပ်နှံခြင်း သို့မဟုတ် ပရင့်ထုတ်ထားသည့် pathway စာကို ပြန်အပ်နှံခြင်းဖြင့် အာမခံချက်ရှိသော လမ်းကြောင်း၌ ဆက်လက်အတည်ပြုသွားနိုင်ပါ၏။ အကြောင်းအရာ အသေးစိတ်အတွက် စာမျက်နှာနံပါတ် ၆ ရှိ မကြာခဏ မေးမြန်းတတ်သောမေးခွန်းများကို ကြည့်ပါ။

**ကျွန်ုပ်တို့၏ကျောင်းအကြောင်း ပိုပြီး လေ့လာနိုင်ရန်**
***schools.mnps.org** သို့ သွားပါ။*

**သင်တို့၏ဇုံကျောင်းကို ရှာဖွေပါ**
***mnps.org/register-for-school*** တွင် Zone Finder ကို အသုံးပြုပြီး ရှာပါ သို့မဟုတ် Family Information Center သို့ 615-259-4636 ဖြင့် ဖုန်းခေါ်ပါ။

## အွန်လိုင်းတွင် လျှောက်ပါ

***www.mnps.org/school-options***

*လျှောက်ရန် ဤ **QR code** ကို စကင်ဖတ်ပါ*

## စာတိုက်မှ ပေးပို့ပြီး လျှောက်ပါ

*ဤစာစောင်၏နောက်ကျောဖက်ရှိ လျှောက်လွှာကို ဖြည့်၍ အောက်ပါနေရာသို့ ပေးပို့ပါ -*

**Office of School OPTIONS**
METRO NASHVILLE PUBLIC SCHOOLS
2601 BRANSFORD AVE, NASHVILLE, TN 37204

## မေးခွန်းများ ရှိပါသလား။

*မက်ထရိုကျောင်းများမှ school Options ဖြင့် ပတ်သက်သည့်နောက်ထပ်မေးခွန်းများအတွက်*

**615-259-INFO(4636)** ဖြင့် **MNPS FAMILY INFORMATION CENTER** သို့ ဖုန်းခေါ်ပါ **သို့မဟုတ် WWW.MNPS.ORG** ၌ သွားရောက်လေ့လာပါ။

# MNPS optional schools application Calendar for 2024-25

**တနင်္လာနေ့ ၊ ဇန်နဝါရီလ ၂၂ ရက် ၊ ၂၀၂၄**
**လျှောက်လွှာများရရှိနိုင်ချိန်**
သူငယ်တန်း - ၁၂ တန်းအတွက် Optional Schools လျှောက်လွှာကို ***www.mnps.org/school-options*** ၌လည်း တွေ့ရှိနိုင်ပါသည်။ ကျောင်းများသည် ကျောင်းသားများဖြင့် အိမ်သို့ လျှောက်လွှာများကို ပေးပို့သွားပါမည်။ ၎င်းတွင် မူလတန်းမှ အလယ်တန်း သို့မဟုတ် အလယ်တန်းမှ အထက်တန်းကျောင်းသို့ ပြောင်းလာသောကျောင်းသားများအတွက် "Pathway continuation forms **ကျောင်းဆက်တက်သည့် လမ်းကြောင်း ဖောင်စာရွက်များ"** ပါဝင်သည်။ 11th and 12th Grade Application Deadline ၁၁ တန်း နှင့် ၁၂ တန်း လျှောက်လွှာ နောက်ဆုံးရက်

**သောကြာ၊ ဖေဖော်ဝါရီ ၉ ရက်၊၂၀၂၄၊ ညနေ ၄း၃၀ နာရီ နောက်ဆုံး CST***
**လျှောက်လွှာနှင့် Pathway နောက်ဆုံးရက်**
မိသားစုများသည် Office of School Options သို့ ဖောင်စာရွက်များကို ပြန်ပို့သင့်ပါသည်။ ဤနောက်ဆုံးရက်အမီ လက်ခံရရှိသောလျှောက်လွှာများသည် Selection Day တွင်ရှိသော random selection process/ကျပန်း ရွေးချယ်မှုအဆင့်ဆင့်၏အစိတ်အပိုင်း ဖြစ်ပါမည်။ ဤနောက်ဆုံးရက်တွင် အတည်ပြုထားသော pathway အတိုင်း မူလတန်းမှ အလယ်တန်း သို့မဟုတ် အလယ်တန်းမှ အထက်တန်းသို့ ပြောင်းရွှေ့သောကျောင်းသားများအတွက် "Pathway continuation forms ကျောင်းဆက်တက်သည့်လမ်းကြောင်း ဖောင်စာရွက်များ"ပါဝင်သည်။ သောကြာနေ့ ၊ ဖေဖော်ဝါရီ ၉ ရက် ၊ ၂၀၂၄ နောက်ပိုင်းမှ လက်ခံရရှိသောလျှောက်လွှာများကို waitlist /စောင့်ဆိုင်း စာရင်း၏အဆုံး၌ ထည့်သွင်းသွားမည်။ ***ဤ deadline သည် preschool/ မူကြို၊၁၁ တန်း သို့မဟုတ် ၁၂ တန်းလျှောက်သူများအတွက် မသက်ဆိုင်ပါ။***

**တနင်္လာနေ့ ၊ မတ်လ ၄ ရက် ၊ ၂၀၂၄**
**Selection Day Results ရွေးချယ်ရက် ရလဒ်များ**
သူငယ်တန်းမှ ၁၀ တန်းအတွက် Selection day ရလဒ်များကို အွန်လိုင်း ***www.mnps.org/school-options*** ၌ တွေ့ရှိနိုင်သည် သို့မဟုတ် 615-259-INFO(4636) သို့ ဖုန်းခေါ် ခြင်းဖြင့် သိရှိနိုင်ပါသည်။ Preschool, Pre-K, 11th နှင့် 12th grades များ မပါဝင်ပါဘူး။

**ဗုဒ္ဓဟူးနေ့ ၊ မတ်လ ၆ ရက် ၊ ၂၀၂၄**
**သတ်မှတ်ပေးသောကျောင်းကိုလက်ခံခြင်းနှင့် waitlist စာများပို့ခြင်း**

**သောကြာ ၊ မတ်လ ၈ ရက် ၊ ၂၀၂၄ ၊ ညနေ ၄း၃၀ နာရီနောက်ဆုံး CST***
**၁၁ တန်း နှင့် ၁၂ တန်း လျှာက်လွှာ နောက်ဆုံးရက်**
ဤနောက်ဆုံးရက်အမီရရှိသောလျှောက်လွှာများသည် ကျပန်း ရွေးချယ်မှု အဆင့်ဆင့်၏အစိတ်အပိုင်း ဖြစ်ပါမည်။ သောကြာ၊မတ် ၈ ၊ ၂၀၂၄ နောက်ပိုင်း မှရရှိသောလျှောက်လွှာများကို waitlist ၏အဆုံး၌ ထည့်သွင်းသွားပါမည်။

**သောကြာ၊ မတ်လ ၂၂ ရက် ၊ ၂၀၂၄ ၊ ညနေ ၄း၃၀ နာရီနောက်ဆုံး CST***
**Deadline to Return Acceptance Letters**
**လက်ခံစာများကို ပြန်ပို့ရန် နောက်ဆုံးရက်**
သတ်မှတ်ပေးသောကျောင်းကိုလက်ခံကြောင်းဖော်ပြသည့်စာကို School Options ရုံးခန်းသို့ အထက်ပါရက်မတိုင်ခင် ပြန်ပို့ရမည်။ ***www.mnps.org/school-options*** ၌လည်း သတ်မှတ်ပေးသည့်ကျောင်းကို မိဘများမှ လက်ခံခြင်း ပြုလုပ်နိုင်ပါသည်။

**သောကြာနေ့ ၊ မတ်လ ၂၂ ရက် ၊ ၂၀၂၄**
**၁၁ တန်းနှင့် ၁၂ တန်း Selection day/ရွေးချယ်ရက် ရလဒ်များ**
၁၁ တန်းနှင့် ၁၂ တန်းများအတွက် ရလဒ်များကို ***www.mnps.org/school-options org/school-options*** တွင် သို့မဟုတ် 615-259-info(4636) ဖြင့် Family Information Center သို့ ဆက်သွယ်ပါ။

**တနင်္လာနေ့ ၊ ဧပြီလ ၈ ရက် ၊ ၂၀၂၄ ၊ ညနေ ၄း၃၀ နာရီနောက်ဆုံး CST***
**Deadline to Accept Seat for 11th and 12th Grade**
**၁၁ တန်းနှင့် ၁၂ တန်းအတွက် သတ်မှတ်ပေးသောနေရာကိုလက်ခံရန် နောက်ဆုံးရက်**

**ဗုဒ္ဓဟူးနေ့ ၊ မေလ ၈ ရက် ၊ ၂၀၂၄**
**Student Placement Verification Letters Sent**
**ကျောင်းသား နေရာချထားမှု အတည်ပြုစာများကိုပေးပို့ခြင်း**

**ဗုဒ္ဓဟူးနေ့ ၊ ဇူလိုင် ၂၄ ရက် ၊ ၂၀၂၄**
**Last Day to Apply for Optional Schools with Limited Seating** /**နေရာအကန့်အသတ်ရှိသောရွေးချယ်နိုင်သည့် ကျောင်းများကို လျှောက်ရန် နောက်ဆုံးရက်**

**သောကြာ၊ ဩဂုတ်လ ၊ ၂၃ ရက် ၊ ၂၀၂၄**
**Last Day for Current MNPS Students to Apply to Schools with Available Seats** / **လက်ရှိ MNPS ကျောင်းသားများအတွက် လျှောက်ဖို့နေရာလွတ်ရှိသေးသောကျောင်းများကို လျှောက်နိုင်သည့် နောက်ဆုံးရက်**
MNPS ကျောင်းသားသစ်မိသားစုများသည် နေရာလွတ်ရှိသည့် optional ကျောင်းများ၌ တစ်နှစ်ပတ်လုံးလျှောက်နိုင်ပါသည်။ MNPS Charter ကျောင်းများကိုလျှောက်ချင်သောမိသားစုများသည်လည်း တစ်နှစ်ပတ်လုံး လျှောက်နိုင်ပါသည်။

**** Online submissions /အွန်လိုင်းမှလျှောက်လွှာတင်ခြင်းကို 11:59 p.m. CST တွင် ပိတ်မည်။***

# Frequently Asked Questions မကြာခဏမေးမြန်းတတ်သောမေးခွန်းများ

**OPTIONAL SCHOOLS များကို ဘယ်သူတွေ လျှောက်နိုင်ပါသလဲ။**

လျှောက်လွှာတင်ချိန်တွင် Davidson County ၌ နေထိုင်သည့် မည်သည့် ကျောင်းသားများ၏မိဘ သို့မဟုတ် အုပ်ထိန်းသူမဆို လျှောက်ယူနိုင်ပါသည်။

**လျှောက်ရန်အတွက် ကျွန်ုပ်၏ကလေးက ကျောင်းသား ID လိုအပ်ပါသလား။**

Yes. MNPS ကျောင်းများ၌ အပ်ထားသည့်ကျောင်းသားတိုင်းတွင် 190 ဖြင့် စတင်သည့် ဂဏာန်းကိုးလုံးပါသည့် ကျောင်းသား ID နံပါတ်ရှိရန် လိုအပ်ပါ၏။ လက်ရှိ ကျောင်းသား ID နံပါတ်ကို report card ၌ တွေ့ရှိနိုင်သည် သို့မဟုတ် အဆိုပါ ကျောင်းသား၏ကျောင်း၌ တောင်းယူနိုင်ပါသည်။ ***www.mnps.org/register-for-school*** တွင် သို့မဟုတ် ကျောင်းခရိုင်၏ကျောင်းအပ်ဌာန ၈ ခုထဲမှတစ်ခု၌ ကလေး၏မွေးစာရင်းကို မိဘ/အုပ်ထိန်းသူ၏လိပ်စာသက်သေနှင့်ကားလိုင်စင် ကော်ပီကို ပြသခြင်းဖြင့် ကျောင်းသားသစ်အတွက် ID နံပါတ်ကို ရရှိနိုင်ပါသည်။

**ဘယ်လို လျှောက်ရမလဲ။**

**မိဘသားစုများအား** ***www.mnps.org/apply*** *အွန်လိုင်းမှလျှောက်ရန် တိုက်တွန်းထားပါသည်။* Online အွန်လိုင်းမှလျှောက်ချင်သည့်မိသားစုများသည် username နှင့် password လိုအပ်သည့် parent profile ကို ဖန်တီးရမည်။ username သည် တရားဝင်အသုံးပြုနိုင်သော ဖုန်းနံပါတ် သို့မဟုတ် email ဖြစ်ရမည်။ အကယ်၍ email လိပ်စာရရှိခြင်းပတ်သက်ပြီး အကူအညီ လိုအပ်ခဲ့ပါက Family Information Center သို့ 615-259-4636 ဖြင့် ဖုန်းခေါ်ပါ။ အင်တာနက်အသုံးပြုဖို့ လိုအပ်ပါက ၊ အနီးဆုံး Nashville ပြည်သူ့စာကြည့်တိုက် သို့မဟုတ် 2601 Bransford Ave., Nashville, TN 37204 ရှိ MNPS Family Information Center သို့ သွားရောက်နိုင်ပါသည်။

စာရွက်လျှောက်လွှာများကို ကိုယ်တိုင် သို့မဟုတ် စာတိုက်မှ ပေးပို့နိုင်ပါသည်။ အကယ်၍ သင်သည် စာတိုက်မှ ဖောင်စာရွက်ကို ပေးပို့ပါက ၊ ယူအက်စ်စာတိုက်မှ "Return Receipt Requested ပြန်ပို့ပေးသည့်ဖြတ်ပိုင်း တောင်းဆိုချက်" စာရွက်ကို ယူထားပါ။ School Options ရုံးခန်းမှ သင်တို့၏လျှောက်လွှာကို သေချာလက်ခံရရှိရန်မှာ မိဘများ၏တာဝန် ဖြစ်ပါသည်။ Return receipt မပါဘဲ စာတိုက်မှပေးပို့ခဲ့ပါက ခရိုင်မှ ကျောင်းလျှောက်လွှာ၏ဖြတ်ပိုင်းကို အတည်မပြုနိုင်ပါဘူး။ **ဖက်စ်ဖြင့်ပို့သောလျှောက်လွှာများကို လက်မခံပါ။**

**SELECTION PROCESS သည် မည်ကဲ့သို့ အလုပ်လုပ်ဆောင်ပါသလဲ။**

(စာမျက်နှာ ၁၃ - ၁၄ တွင် ကြည့်ပါ) ဤလျှောက်လွှာ၌ ဖော်ပြထားသည့်ကျောင်းများမှ လျှောက်နိုင်သည့်နေရာများကိုဖြည့်ရန် ကွန်ပြူတာဖြင့်ကျပန်းရွေးချယ်ခြင်းကို ပြုလုပ်သွားမည်။ ကျပန်းရွေးချယ်ခြင်း၌ထည့်သွင်းခံရရန်အတွက် ဖေဖော်ဝါရီ ၉ ရက်၊ ၂၀၂၄အမှီ လျှောက်လွှာများကို ပြည့်စုံစွာဖြည့်ပြီး ပေးပို့ရမည်။

မတ်လ ၄ ရက် ၊ ၂၀၂၄ ၌ ပြုလုပ်သွားမည့် Selection Day တွင် ကျပန်းရွေးချယ်ခြင်းမှရလဒ်များကို တွေ့ရှိရမည်။ Selection Day ကို www.mnps.org ၌ ဖော်ပြသွားမှာဖြစ်ပြီး 615-259-INFO(4636)ဖြင့် MNPS Family Information Center သို့ ဆက်သွယ်နိုင်ပါသည်။ သင်တို့ကလေး၏ Selection Day ရလဒ်များကို လျှောက်လွှာတွင် ဖော်ပြထားသောလိပ်စာသို့ မတ်လ ၆ ရက် ၊ ၂၀၂၄ တွင် စာတိုက်မှ ပေးပို့သွားပါမည်။

ကျောင်းရွေးချယ်မှုများကို ၁ (အမြင့်ဆုံး ဦးစားပေးမှု) မှ ၇ (အနိမ့်ဆုံး ဦးစားပေးမှု) အထိ သတ်မှတ်ရမည် - အကယ်၍ သင့်ကလေးက ကျောင်းတစ်ကျောင်းမှ နေရာတစ်ခုအတွက် ရွေးချယ်ခံရပါက သင်တို့သည် SMS,email သို့မဟုတ် စာတိုက်မှ accepted letter စသည်တို့ကို လက်ခံရရှိပါမည်။ accepted letter /သတ်မှတ်ပေးသောနေရာကို လက်ခံကြောင်းစာကို မတ် ၂၂ ၊ ၂၀၂၄အမှီ ပို့ရမည်။သင့်ကလေး၏နေရာကို အွန်လိုင်းမှလက်ခံနိုင်ပြီး အတည်ပြုချက်ကို လက်ခံရရှိမည်။

သင်တို့၏ဦးစားပေး လျှောက်ထားသောကျောင်းစာရင်းထက် နိမ့်သောကျောင်းမှ သင်တို့ကလေးအတွက် ကျောင်းလျှောက်နိုင်သည့်နေရာကို ပေးပို့ခဲ့ခြင်းမရှိခဲ့ပါက ၊ သင်တို့ကလေးအတွက် သတ်သတ်မှတ်မှတ်ကျောင်းတစ်ကျောင်းကိုလည်း မရွေးချယ်ခဲ့ပါက ၂၀၂၄-၂၅ စာသင်နှစ်အတွက် သူ့အား စောင့်ဆိုင်းစာရင်း၌ထားရှိမည်။ တက်ရောက်ရန် သင်တို့ကလေးကို ရွေးချယ်ထားသည့်ကျောင်းထက် သင်တို့၏ဦးစားပေးမှုပိုနည်းသောကျောင်းများဖြစ်သည့် pathway schools များအပါအဝင် - ၄င်းတို့မှ သင်တို့၏ကလေးကို "opted out"မည်။ ဤရွေးချယ်သည့်နည်းစနစ်ကို ဒီဇိုင်းပြုလုပ်ထားသည်။ နေရာလွတ်ရှိပြီး မိသားစုများ၏အမြင့်ဆုံးသတ်မှတ်ထားသောကျောင်း၌ တက်နိုင်သည့်ရွေးချယ်မှုကို မိသားစုများထံပေးရန် ဖြစ်သည်။ ကျောင်းဖွင့်သည့်ပထမ ၅ ရက်နောက်ပိုင်း Charter မဟုတ်သည့်ကျောင်းများမှ K-12 များအတွက် waitlist အားလုံးကိုပယ်ဖျက်သွားမှာဖြစ်ကြောင်း သတိပြုပါ။

Optional ကျောင်းတစ်ကျောင်း၌ နေရာလက်ခံလိုက်သည်နှင့် ကျောင်းသားအား ၂၀၂၄-၂၅ စာသင်နှစ်အတွက် လက်ရှိတက်နေသောကျောင်း သို့မဟုတ် ယခင်၌ တက်ရန်လက်ခံခဲ့သောကျောင်းမှ သူ၏နာမည်ကို ပယ်ဖျက်သွားပါမည်။ **ကျောင်းသားများသည် ကျောင်းဖွင့်ရက် ပထမရက်တွင် ကျောင်းတက်ရမည် သို့မဟုတ် သူတို့အား ကျောင်းမတက်ပါဟုယူဆကာ သူတို့၏နေရာကို** waitlist **မှ အခြားကျောင်းသားထံ ပေးလိုက်မည်။**



၁၁ နှင့် ၁၂ တန်းမှ ကျောင်းလျှောက်သူများသည် လျှောက်နိုင်သည့်နေရာများတွင် ကျောင်းအပ်နိုင်ရန် အမှတ်စာရင်းများအား ပြန်ဆန်းစစ်ခံရမည်။ ကျပန်းရွေးချယ်ခြင်း၌ပါဝင်နိုင်ရန် မတ် ၈ ၊ ၂၀၂၄ ၌ သို့မဟုတ် ၄င်းမတိုင်ခင် အမှတ်စာရင်းများကို ပြန်ဆန်းစစ်သည့်စာရွက်များပါသည့် ပြည့်စုံသောလျှောက်လွှာများကို ရရှိရမည်။ မတ် ၂၂ ၊ ၂၀၂၄ ၌ ကျပန်းရွေးချယ်သည့်ရလဒ်များကို ရရှိမည်။

Spring 2024 တွင် PK နေရာများအတွက် ကျပန်းရွေးချယ်သွားမည်။ Stanford Montessori နှင့် Hull-Jackson Montessori အပါအဝင် preschools နှင့် ကျောင်းများမှ မူကြိုအတွက် လျှောက်ရန် သီးခြားလျှောက်ကို လိုအပ်ပါသည်။

## OPTIONAL SCHOOL ၌ ရှိနေရန် နှစ်တိုင်း ပြန်လျှောက်ရမှာလား။

No. လက်ရှိ K-12 ကျောင်းသားများသည် သူတို့၏လက်ရှိ optional school ၌ ဆက်လက်ပြီး ကျောင်းအပ်နှံခြင်းရှိစေရန် ကျောင်းပြန်လျှောက်ဖို့ မလိုအပ်ပါဘူး။ မေလ၌ ၂၀၂၄-၂၅ စာသင်နှစ်အတွက် သူ၏နေရာကိုအတည်ပြုရန် သင်တို့ကလေးသည် ကျောင်းမှ verification/continuation စာကို လက်ခံရရှိမည်။သင့်ကလေးသည် တူညီသည့်ကျောင်းမှာပဲ အတန်းတစ်တန်းမှ နောက်တစ်တန်းတက်မည်ဆိုပါက မည်သည့်အရာကိုမှပြုလုပ်ရန် မလိုအပ်ပါဘူး။ လျှောက်လွှာအသစ်ပြန်လျှောက်ရန် မလိုပါဘူး။ အကယ်၍ အဆိုပါကျောင်းသားများသည် စပါယ်ရှယ်ပညာရေး၌ သို့မဟုတ် Pre-K lottery process မှတဆင့် မူကြိုတက်ခဲ့ပါက လက်ရှိ မူကြိုကလေးများသည် သူငယ်တန်းအတွက် ပြန်လျှောက်ရမည်။ Hull-Jackson Montessori နှင့် Stanford Montessori ၌ တက်နေလျှင် ပြန်လျှောက်ဖို့ မလိုပါဘူး။

သင့်ကျောင်းသားက ခရိုင်၏ကျောင်းတက်ရောက်မှု ပေါ်လစီကို လိုက်နာသွားမှာဖြစ်ကြောင်း သဘောပေါက်ခြင်းဖြင့် ဇုန်ပြင်ပကျောင်းတွင် ဆက်လက်နာမည်စာရင်းသွင်းထားရန် ခွင့်ပြုထားပါသည်။ ကျောင်းတက်ရောက်မှု ပေါ်လစီကို လိုက်နာရန် ပျက်ကွက်ခဲ့ပါက ဇုန်ပြင်ပကျောင်းတွင် နေရာချပေးခြင်းကို ရုတ်သိမ်းခံရခြင်းရလဒ် ဖြစ်စေနိုင်ပါသည်။

## OPTIONAL SCHOOL ၌ တက်နေပြီး အလယ်တန်း/အထက်တန်းကျောင်းသို့ တက်ရန် အာမခံချက်ရှိသောလမ်းကြောင်း ရှိပါသလား။

MNPS ကျောင်းသားများတွင် သူတို့၏ဇုံကျောင်း၌ အာမခံချက်ရှိသည့်ဆက်လက်တက်ရောက်နိုင်သောကျောင်း ရှိပါသည်။ ဇုံကျောင်းပြင်ပရှိ optional school မှ ကျောင်းသားများအတွက် အာမခံချက်ရှိသော guaranteed pathways အချို့ရှိပါသည် (အောက်ပါမေးခွန်းအောက်မှစာရင်းကို ကြည့်ပါ)သို့သော်လည်း နေရာအကန့်အသတ်များကြောင့် ကျောင်းခရိုင်သည် သတ်မှတ်ဇုံထဲမှ အလယ်တန်းနှင့်အထက်တန်းကျောင်းအားလုံးသို့ အာမခံချက်ရှိသောလမ်းကြောင်းအတိုင်း အဆိုပါကျောင်းများမှ open enrollment ဖြင့် ဇုံပြင်ပမှကျောင်းသားများအတွက် အာမခံနိုင်ပါဘူး။ အကယ်၍ သင့်ကလေးသည် ကျောင်းဇုံပြင်ပရှိ pathway ရှိကြောင်း မဖော်ပြထားသောမူလတန်း သို့မဟုတ် အလယ်တန်းကျောင်းတွင် တက်ရောက်နေပါက ၊ သင်တို့ကလေးသည် ဇုံအတွင်းရှိကျောင်းကို နောက်ဆုံးရက်မတိုင်ခင်လျှောက်ရန် လိုအပ်ပြီး ၊ နေရာလွတ်ပေါ်မူတည်ပြီး ဦးစားပေးသွားမည်။ ၄င်းကို "cluster preference" အဖြစ် အမိပွါယ်သတ်မှတ်ပါသည်။ အကယ်၍ zoned feeder school ကို ဤ Optional Schools လျှောက်လွှာ၌ မဖော်ပြထားပါက ဇုံပြင်ပမှကျောင်းသားများကို လက်ခံရန် နေရာလွတ်မရှိကြောင်းဖော်ပြပြီး သင်တို့က ဤကျောင်းတွင် ဆက်လက်ပြီး တက်ရောက်ခွင့် မရှိပါဘူး။

**ကျွန်ုပ်၏ကလေးသည် အခြား OPTIONAL ကျောင်းသို့ အာမခံချက်ရှိသော PATHWAY/လမ်းကြောင်းဖြင့် OPTIONAL ကျောင်းတစ်ကျောင်း၌ တက်နေပါက လျှောက်ရန် လိုအပ်ပါသလား။**

Yes. အကယ်၍ ဤစာရင်းထဲမှကျောင်းတွင် သင်တို့ကလေးက လွန်ခဲ့သည့်နှစ်မှာ တက်ခဲ့ပြီး သင့်ကလေးအတွက် အာမခံချက်ရှိသော pathway တွင် ဆက်တက်စေချင်ပါက သင့်ကလေး၏ကျောင်းမှ အိမ်သို့ ပေးပို့မည့် pathway continuation ဖောင်စာရွက်ကို ပြန်ပို့ရမည်။ Optional Schools Application online ကို ဖြည့်ခြင်းဖြင့် သင်တို့၏ pathway continuation ဆက်တက်ခွင့်ကိုလည်း အတည်ပြုနိုင်ပါသည်။ ဖေဖော်ဝါရီ ၉ ၊ ၂၀၂၄ နောက်ဆုံး pathway continuation form သို့မဟုတ် အွန်လိုင်း လျှောက်လွှာကို အပ်ရမည်။

**Elementary to Middle Pathways**

- Carter-Lawrence မူလတန်းကျောင်းသားများသည် Rose Park Middle အလယ်တန်းကျောင်း၌ တက်ရောက်လိုသည်။
- Robert Churchwell မူလတန်းကျောင်းသားများသည် John Early Middle အလယ်တန်းကျောင်း၌ တက်ရောက်လိုသည်။
- Hattie Cotton Elementary မူလတန်းကျောင်းသားများသည် Stratford STEM Magnet School (Lower Campus) ၌ တက်ရောက်လိုသည်။
- Jones Elementary မူလတန်းကျောင်းသားများသည် Haynes Middle အလယ်တန်းကျောင်း၌ တက်ရောက်လိုသည်။
- Lockeland Elementary မူလတန်းကျောင်းသားများသည် East Nashville Middle အလယ်တန်းကျောင်း၌ တက်ရောက်လိုသည်။
- Sylvan Park ကျောင်းသားများက Haynes Middle ၌ တက်လိုသည်။

**Middle to High Pathways**

- Isaiah T. Creswell Middle School of the Arts ကျောင်းသားများသည် Nashville School of the Arts ၌ တက်ရောက်လိုသည်။ *(နေရာ ၃၀ သာ သတ်မှတ်ကန့်သတ်ထားပါသည်)*
- East Nashville Middle ကျောင်းသားများသည် East Nashville High ၌ တက်ရောက်လိုသည်။
- Haynes Middle ကျောင်းသားများသည် East Nashville High ၌ တက်ရောက်လိုသည်။
- Head Middle ၏လက်ရှိ ၆ တန်း သို့မဟုတ် ၈ တန်း ကျောင်းသားများသည် Martin Luther King Jr. ၌ တက်ရောက်ရန် အရည်အချင်းပြည့်မှီပါသည်။
- John Early Middle ကျောင်းသားများသည် Hume-Fogg High ၌ တက်ရောက်ရန် အရည်အချင်းပြည့်မှီပါသည်။
- LEAD Cameron ကျောင်းသားများသည် LEAD Academy ၌ တက်ရောက်လိုသည်။
- Liberty Collegiate ကျောင်းသားများသည် Republic High
- Meigs Middle ကျောင်းသားများသည် Hume-Fogg High ၌ တက်ရောက်လိုသည်။
- Nashville Prep ကျောင်းသားများသည် RePublic High ၌ တက်ရောက်လိုသည်။
- Rose Park Middle ကျောင်းသားများသည် Martin Luther King Jr. School ၌ တက်ရောက်လိုသည်။

Head, Rose Park, John Early သို့မဟုတ် Meigs middle schools များ၌ တက်ပြီး Fall ၌ မတက်နိုင်ခဲ့သောကျောင်းသားများအား summer pathway ကို

စီစဉ်ပေးမည်။ ၄င်းကျောင်းသားများသည် Martin Luther King Jr School နှင့် Hume-Fogg High School များ၌တက်နိုင်ရန် 2023-2024 TCAP သို့မဟုတ် Spring District Benchmark နှင့် ဒုတိယ၊တတိယနှင့်စတုတ္ထ ကိုးပတ်အမှတ်များက ဂရိတ်မကျဘဲ GPA ၏ 80 သို့မဟုတ် ၄င်းအထက် ရရှိရမည်။ တင်နင်စီစာမေးပွဲအမှတ်များရပြီးသည့်နောက် Summer pathway သတိပေးချက်ကို ဇူလိုင် သို့မဟုတ် ဩဂုတ်၌ ဖော်ပြသွားမည်။ ဖွင့်နောက်ပိုင်း၌ pathway form ကို စောင့်နေပြီး ဇူလိုင် (သို့) ဩဂုတ်၌ အားလပ်ရက်ခရီးထွက်ခဲ့လျှင် နောက်ထပ်အချက်အလက်များအတွက် ***schooloptions@mnps.org*** သို့ အီးမေးလ်ပို့ပါ။

### OPTIONAL SCHOOL တစ်ကျောင်းထက်များပြီး လျှောက်နိုင်ပါသလား။

Yes, မိသားစုများအား ထိုသို့ပြုလုပ်ရန် တိုက်တွန်းထားသည်။ လျှောက်လွှာပေါ်၌ ကျောင်းပေါင်း ၇ ခုအထိဖြည့်၍ အစဉ်လိုက် လျှောက်နိုင်ပါ၏။ လျှောက်လွှာပေါ်၌ ကျောင်းအနည်းငယ်ကိုရွေးထားခြင်း သို့မဟုတ် လျှောက်သူများပြားသောကျောင်းများကိုသာ ဖြည့်ထားသောမိသားစုများကို မည်သည့်ကျောင်းမှ မရွေးချယ်ပါ။

### CHARTER SCHOOL ဆိုတာ ဘာလဲ။

Charter schools ဆိုသည်မှာ အစိုးရမှ ရံပုံငွေချမှတ်ပေးပြီး ပုဂ္ဂလိကနည်းလမ်းဖြင့် လည်ပတ်နေသောကျောင်းများ ဖြစ်ပါ၏။ လက်ရှိ ပြည်နယ်ဥပဒေကို အခြေခံပြီး Tennesseeအတွင်းမှ Charter ကျောင်းလည်ပတ်မှုများက nonprofit organizations/အကျိုးအမြတ်ကို အခြေမခံသည့်အဖွဲ့အစည်းများ ဖြစ်ပါသည်။

### ဤလျှောက်လွှာဖြင့် CHARTER SCHOOL ကို လျှောက်နိုင်ပါသလား။

Yes. Optional Schools Application ၌ပါသည့် charter ကျောင်းများကို တစ်နှစ်လုံး အချိန်မရွေး လျှောက်နိုင်သည်။ charter ကျောင်းအချို့သည် သူတို့၏ ကိုယ်ပိုင် လျှောက်လွှာစနစ်ကို အသုံးပြုပါသည်။ လျှောက်လွှာ၌မပါသည့် Charter ကျောင်းလျှောက်ရန်အတွက် ကျောင်းသို့ ဆက်သွယ်ပါ။

### ကျွန်ုပ်၏လျှောက်လွှာက မပြည့်စုံခဲ့လျှင် ဘာဖြစ်နိုင်ပါသလဲ။

မပြည့်စုံသောလျှောက်လွှာများကို အွန်လိုင်း သို့မဟုတ် ကိုယ်တိုင်ဖြစ်စေ လက်ခံမှာ မဟုတ်ပါဘူး။ မပြည့်စုံသောလျှောက်လွှာများကို စာတိုက်မှ ပေးပို့ခဲ့ပါက လုပ်ဆောင်သွားမှာ မဟုတ်ပါဘူး။ဖေဖော်ဝါရီ ၉ ၊ ၂၀၂၄ နောက်ပိုင်း၌ သင်တို့၏ လျှောက်လွှာကိုရရှိခဲ့ပါက ၊ သင်တို့ကလေးအား K-10 တန်းအတွက် ကျပန်းရွေးချယ်မှု အစီအစဉ်တွင်ပါဝင်ရန် ထည့်သွင်းသွားမှာ မဟုတ်ပါဘူး။ သတ်မှတ်ချိန်နောက်ပိုင်းမှလက်ခံရရှိသောလျှောက်လွှာများ (နောက်ကျပြီး ပြန်ပို့ထားသည့် လျှောက်လွှာများ အပါအဝင်)အား waitlist အဆုံး၌ ပေါင်းထည့်သွားပါမည်။

### ဤလျှောက်လွှာဖြင့် မူကြိုအတွက် လျှောက်နိုင်ပါသလား။

No.ကျောင်းအားလုံးမှ မူကြိုနေရာအတွက် သီးသန့်လျှောက်လွှာကို လိုအပ်သည်။ Stanford Montessori နှင့် Hull-Jackson Montessori preschool (၃နှစ်) နှင့် Pre-K (၄နှစ်) နေရာအားလုံး ပါဝင်၏။ Spring 2024 တွင် မူကြို PK နေရာအတွက် သီးသန့်လျှောက်လွှာနှင့်ကျပန်းရွေးချယ်ခြင်းကို ပြုလုပ်သွားမည်။

### ကျွန်ုပ်၌ အထက်တန်းကျောင်းတက်နေသည့် ဂျူနီယာ သို့မဟုတ် စီနီယာ ကျောင်းသားရှိပါက ၊ လျှောက်ရန်အတွက် မည်သည့်အရာများ လိုအပ်ပါသလဲ။

၁၁ တန်းနှင့်၁၂ တန်းတက်နေသည့်လျှောက်သူများသည် သူတို့၏အထက်တန်းကျောင်း အမှတ်စာရင်းကော်ပီကို ယူလာရမည် သို့မဟုတ် ပေးရမည်။ နောက်ဆုံး report card နှင့် ပြောင်းရွှေ့ချင်သည့် အထက်တန်းကျောင်းမှ ကျောင်းအုပ်ထံသို့ optional schools လျှောက်လွှာကို ပြရမည်။ကျောင်းအုပ်များသည် transcript နှင့် လျှောက်လွှာကို ပြန်လည်ဆန်းစစ်သွားပါမည်။ ကျောင်းအုပ်မှ အမှတ်စာရင်းနှင့်လျှောက်လွှာများကို ဆန်းစစ်ပြီးသည်နှင့် ၊ သင်တို့ဖက်မှ လျှောက်လွှာမတင်ခင် သင်တို့ကလေး၏ optional School application ၌ လက်မှတ်ထိုးထားသော review ကို တပါတည်း တွဲပေးလိုက်မည်။ လျှောက်လွှာများကို ဇန်နဝါရီ ၂၂ ရက်မှစပြီး တင်သွင်းနိုင်ပါသည်။ ဂျူနီယာနှင့်စီနီယာဖြစ်လာမည့်ကျောင်းသားများအတွက် ကျပန်းရွေးချယ်မှုတွင်ပါဝင်ရန် မတ်လ ၈ ရက်၊၂၀၂၄ အမီ ပြည့်စုံသည့် လျှောက်လွှာများကို လက်ခံရရှိရမည်။

### ACADEMIC MAGNET ကျောင်းအတွက် ဝင်ခွင့်လိုအပ်ချက်က ဘာလဲ။

academic magnet ကျောင်းသို့ ဝင်ခွင့်ရရှိရန်အတွက် ကျောင်းသားများသည် လိုအပ်ချက်၂ ခု လိုအပ်ပါသည် - ဂရိတ်အမှတ်များနှင့် standardized test scores/စံသတ်မှတ်ထားသော စာမေးပွဲရမှတ်များ ၂၀၂၄-၂၅ စာသင်နှစ်အတွက် လိုအပ်ချက်အသေးစိတ်အတွက် စာမျက်နှာ ၉ နှင့် ၁၀တွင် ကြည့်ပါ။

### စပါယ်ရှယ်ကျောင်းများအတွက် SELECTION PROCESS က ဘယ်လိုလဲ။

Nashville School of the Arts နှင့် Isaiah T. Creswell Middle School of the Arts စသည့်ကျောင်းများ၌ တက်ရန် လူတွေ့စစ်ဆေးခြင်းခံရမည်။ Nashville School of the Arts နှင့် Isaiah T. Creswell Middle School of the Arts ကျောင်းများသည် လျှောက်သူများကို audition အတွက် အကြောင်းကြားသွားပါမည်။ Isaiah T. Creswell Middle School of the Arts မှ ပြောင်းရွှေ့လာမည့် အရည်အချင်းပြည့်မှီသည့်ကျောင်းသားများအတွက် NSA မှ နေရာ ၃၀ ချန်ထားမည်။၄င်းကျောင်းလျှောက်သည့်ကျောင်းသားများသည် သူတို့၏လျှောက်လွှာပေါ်မှ ဦးစားပေးကျောင်းစာရင်းတွင် အဆိုပါကျောင်းများကို ထည့်သွင်းရမည်။

Nashville Big Picture High School သည် ကျောင်းသားများကို audition / လူတွေ့စစ်ဆေးပါသည်။ Interviews ရန် ကျောင်းများမှ ဆက်သွယ်လာပါမည်။ Early College High School ၌လည်း ပညာရေးသတ်မှတ်ချက်များ ရှိပါသည် (စာမျက်နှာ ၉ ကို ကြည့်ပါ)။

MNPS Virtual School တွင်လည်း ပညာရေးဆိုင်ရာ လိုအပ်ချက်များရှိပြီး လျှောက်သူများသည် ဗီဒီယို တင်သွင်းရန် လိုအပ်ပါသည်။ သီးခြားလိုအပ်ချက်များကိုကြည့်ရှုရန် ကျောင်း၏ website သို့ ဝင်ကြည့်ပါ။

### SIBLING PREFERENCE က မည်ကဲ့သို့ လုပ်ဆောင်ပါသလဲ။

Sibling preference ဆိုသည်မှာ ၂၀၂၄-၂၀၂၅ စာသင်နှစ်တွင် မောင်နှမထဲမှ တစ်ဦးက သူတို့လျှောက်သောကျောင်း၌ ဆက်တက်နေမည်ဆိုပါက လျှောက်ထားသည့်ကျောင်း၌ တက်နိုင်ရန် ဦးစားပေးခံရမည်။ ထို့ပြင် မောင်နှမနှစ်ဦးမှ ကျောင်းတစ်ကျောင်းကိုအတူလျှောက်ပြီး (အတန်းမတူသော်လည်း) တစ်ဦးပဲ ရွေးချယ်ခံရသည့်အခါ မိဘများလည်း နေရာအတွက် လက်ခံခဲ့ပါက ရွေးချယ်ခြင်းမခံရသူအား sibling priority waitlist သို့ ပြောင်းရွှေ့ထားမည်။ အတူတက်လိုသည့် ကျောင်းသားကို စောင့်ဆိုင်းစာရင်း၌ နေရာလွတ်ရှိသည့်အခါ နေရာပေးမည်။

အောက်ပါကျောင်းများ၌ sibling preference မရှိပါဘူး - East Nashville Magnet High School, East Nashville Middle School, Head Middle School, Hume-Fogg High School, Isaiah T. Creswell Middle School of the Arts, Martin Luther King Jr. School, Meigs Middle School, the Early College High School, MNPS Virtual School, Nashville School of the Arts and Rose Park Middle School. Charter ကျောင်းများ အပါအဝင် အခြားကျောင်းများ၌ sibling preference ရှိပါသည်။

## GEOGRAPHIC PRIORITY ZONE (GPZ) ဆိုတာ ဘာလဲ။

geographic priority zone (GPZ) ဆိုသည်မှာ optional school အနီးအနား နေထိုင်သောမိသားစုများအား ကျောင်းဝင်ခွင့် ဦးစားပေးခြင်း ဖြစ်ပါသည်။ GPZ အတွင်းနေထိုင်သောမိသားစုများအတွက် ကျောင်းဝင်ခွင့် အာမခံချက်တော့ မရှိပါဘူး။ သို့သော် ကျပန်းရွေးချယ်မှုပြုလုပ်စဉ်အတွင်း ဦးစားပေး နေရာချပေးခြင်းကို လက်ခံရရှိစေပါသည်။ အကယ်၍ ကျောင်းအတွက် GPZ အတွင်း နေထိုင်ပါက ***www.mnps.org*** ရှိ Zone Finder tool ကို အသုံးပြုပါ သို့မဟုတ် 615-259-INFO(4636)သို့ ဖုန်းခေါ်ပါ။

## CLUSTER PREFERENCE ဆိုတာ ဘာလဲ။

အထက်တန်းကျောင်းအုပ်စုအတွင်း နေထိုင်ကြသောမိသားစုများအား ဝင်ခွင့်ဦးစားပေးကို optional school အချို့မှ စီစဉ်ပေးပါသည်။ ထို့အပြင် အကယ်၍ အလိုအလျောက်ဆက်တက်ရမည့်ကျောင်း zoned feeder က optional school ဖြစ်ခဲ့လျှင် ဇုံပြင်ပမှ optional ကျောင်းတွင်တက်နေသောကျောင်းသားများသည် zoned feeder pathway ၌ ဆက်တက်ရန် ဦးစားပေးမှုကို ရရှိမည်။ **cluster preference ကို ရရှိရန် နောက်ဆုံးရက်မတိုင်ခင် လျှောက်ရမည်။**

## သူငယ်တန်းတက်ရန်အတွက် ကျောင်းဝင်ခွင့် လိုအပ်ချက်များက ဘာလဲ။

ကျောင်းသားများသည် ဩဂုတ် ၁၅၊ ၂၀၂၄ တွင် သို့မဟုတ် ၄င်းမတိုင်ခင် ၅ နှစ်ပြည့်ရမည်။ အကယ်၍ သင်၏ကလေးသည် ဩဂုတ်လ ၁၆ ရက်၊ ၂၀၂၄ မှ စက်တင်ဘာ ၃၀၊ ၂၀၂၄ အတွင်း ၅ နှစ်ပြည့်မည်ဆိုပါက 615-259-INFO(4636) ဖြင့် MNPS သို့ ဆက်သွယ်ပြီး Kindergarten Readiness testing အကြောင်း မေးမြန်းနိုင်ပါသည်။ Kindergarten Readiness Assessment အကဲဖြတ်ခြင်း ခံယူနိုင်သောကျောင်းသားများ၏အမှတ်များကို optional schools လျှောက်လွှာတွင် တင်သွင်းနိုင်ပါသည်။ သတ်မှတ်ထားသောအမှတ်မရရှိသောကျောင်းသားများသည် Pre-K ကို လျှောက်နိုင်ပါသည်။

## GLENDALE SPANISH IMMERSION အတွက် ကျောင်းဝင်ခွင့် လိုအပ်ချက်များက ဘာလဲ။

» Glendale အတွက် သူငယ်တန်း သို့မဟုတ် ပထမတန်းတက်မည့် ကျောင်းသားများ လျှောက်နိုင်ပါသည်။
» ၄င်းကျောင်းလျှောက်သည့်ကျောင်းသားများသည် ဒုတိယတန်း သို့မဟုတ် တတိယတန်းဖြစ်ပါက လက်ခံခြင်းခံရန် ဘာသာစကားကျွမ်းကျင်မှု အရည်အချင်းစစ်ကို အောင်မြင်ရမည်။
» ၄ တန်းနှင့် ၅တန်းအတွက် လျှောက်လွှာ လက်မခံပါဘူး။

## ကျောင်းသားများသည် WAITLIST/စောင့်ဆိုင်းစာရင်း၌ မည်မျှကြာအောင် စောင့်နိုင်ပါသလဲ။

WAITLIST ရှိ K-12 သူငယ်တန်းမှ ၁၂ တန်းကျောင်းသားများကို ၂၀၂၄-၂၅ စာသင်နှစ်တွင် ကျောင်းစဖွင့်ရက်မှ ၅ ရက်အထိ စောင့်ခိုင်းပါမည်။ ကျောင်းစဖွင့်ရက်မှ ၅ ရက်နောက်ပိုင်း Charter ကျောင်းများမှလွဲပြီး စောင့်ဆိုင်းစာရင်းမှ ကျောင်းသားများကို ပယ်ဖျက်သွားမည်။ Charter school waitlists များသည် စာသင်နှစ်တစ်နှစ်ပတ်လုံး ဆက်လက်တည်ရှိသွားမည်။

## OPTIONAL SCHOOLS အတွက် အကြိုအပို့များ ရှိပါသလား။

ကေ့စ်အများစုတွင် optional schools Application ၌ အကြိုအပို့ မပြုလုပ်ပေးပါဘူး။ Glendale Elementary Spanish Immersion School အတွက် geographic priority zone (GPZ) ပထဝီအနေအထားအရ အနီးပတ်ဝန်းကျင်အတွင်းနေထိုင်သည့်ကျောင်းသားများကို အကြိုအပို့ ပြုလုပ်ပေးပါသည်။ charter schools ကျောင်းအများစုသည် အကြိုအပို့ကို ပြုလုပ်ပေးပါသည်။ အကြို့အပို့အတွက် ကျောင်းတစ်ကျောင်းစီသို့ ဆက်သွယ်မေးမြန်းပါ။

အထက်တန်းကျောင်းသားများအတွက် ကုန်ကျမှုမရှိသည့် WeGo Public Transit ဖြင့် အများပြည်သူသုံးသွားလာရေးအတွက် StrIDe ပရိုဂရမ်မှတဆင့် မြို့တွင်းစီး ဘတ်စ်လက်မှတ်များကဲ့သို့ နှစ်မျိုးပါသောကျောင်းသား ID ကတ်ပြားများကို ထုတ်ပေးထားပါသည်။ Charter အလယ်တန်းကျောင်းများအတွက် ခြွင်းချက်အဖြစ် optional school တွင် တက်ရောက်နေသော အလယ်တန်းကျောင်းသားများအတွက်လည်း ၄င်းပရိုဂရမ်ကို ရရှိနိုင်ပါသည်။ StrIDe bus pass ဘတ်စ်စီးခွင့်လက်မှတ်ရရှိနိုင်ရန်အတွက် အလယ်တန်းကျောင်းသားများသည် မိဘများ၏ခွင့်ပြုချက်ကို လိုအပ်ပါသည်။ ဘတ်စ်ကားစီးရန် စီစဉ်ထားရန် WeGo ရမရ သိရှိရန်အတွက် 615-862-5960 သို့ ဖုန်းခေါ် ခြင်း သို့မဟုတ် ***www.wegotransit.com*** တွင် သွားရောက်လေ့လာပါ။

**နောက်ထပ်မေးခွန်းများ ရှိပါသလား။**

615-259-INFO(4636) ဖြင့် FAMILY INFORMATION CENTER သို့ ဆက်သွယ်ပါ သို့မဟုတ် ***mnps.org***. သို့ သွားပါ။

# ၂၀၂၄-၂၀၂၅ အတွက် Magnet ဝင်ခွင့် လိုအပ်ချက်များ

**ACADEMIC GRADE AVERAGE AND SUBJECT SPECIFICATIONS ပျမ်းမျှ ဂရိတ်အမှတ်မှီခြင်းနှင့် ဘာသာရပ် အထူးပြုခြင်း**

» ကျောင်းသားများသည် မည်သည့်အမှတ်ပေးကာလအတွင်းမဆို (ခြောက်သို့မဟုတ် ကိုးပတ်ဖြစ်စေ) ဤအချိန်အတိုင်းအတာ၌ ဂရိတ်အဆင့် များကျသွားခြင်းမရှိဘဲ လက်ရှိအတန်း၏ပထမအမှတ်ပေးကာလ (၆ ပတ်သို့မဟုတ် ၉ပတ်ဖြစ်စေ)နှင့် လွန်ခဲ့သည့်နှစ်၏ spring semester တွင် ဘာသာရပ်အားလုံးပေါင်း၌ ပျမ်းမျှ ၈၀ နှင့်၄င်းအထက် ရရှိရမည်။

» » လျှောက်ခွင့်ရနိုင်သော summer pathway တို့ကို လျှောက်သူများနှင့် Head, John Early, Meigs and/or Rose Park အလယ်တန်းကျောင်းများ၌ တက်ရောက်နေသောကျောင်းသားများသည် မည်သည့်အမှတ်ပေးကာလ (ခြောက်ပတ် သို့မဟုတ် ကိုးပတ်ဖြစ်စေ) အတွက်မဆို ဤအချိန်အတိုင်းအတာ၌ ဂရိတ်အဆင့်များကျသွားခြင်းမရှိဘဲ လက်ရှိစာသင်နှစ်၏ ဒုတိယ၊တတိယနှင့်စတုတ္ထ ၉ပတ်မြောက်အပတ်များအတွက် ဘာသာရပ်အားလုံးပေါင်း၌ ပျမ်းမျှ 80 နှင့်၄င်းအထက် ရရှိရမှာဖြစ်ပြီး ၂၀၂၃-၂၀၂၄ TCAP သို့မဟုတ် Spring District Benchmark assessment စာမေးပွဲ လိုအပ်ချက်များဖြင့် ကိုက်ညီရမည်။

အရည်အချင်းပြည့်မှီရန်အတွက် စာမေးပွဲ လိုအပ်ချက်များ *

» ၂၀၂၄-၂၅ စာသင်နှစ်အတွင်း Magnets ဝင်ခွင့်အတွက် ကျောင်းသားသည် အောက်ပါ နည်းလမ်းများမှ စာမေးပွဲလိုအပ်ချက်များ ကို ပြည့်မှီရမည် -

